http://www.yinmarbin.org

## ချောင်းမကြီးချောင်း

ကျွန်တော်တို့ရဲ့ရွာ အနောက်ဘက်မှာ
ချောင်းမကြီးချောင်းလို့ခေါ်တဲ့
တောင်ကျချောင်းကြီးတစ်ခု ရှိပါတယ်။

မိုးအခါဆိုရင် ချောင်းရေတွေဟာ
ကြီးမားတဲ့ လှိုင်းလုံးကြီးတွေနဲ့
အဆက်မပြတ်တဲ့ အသံတွေကို
အော်မြည်ပြီး လာကြတာမို့
ကျွန်တော်တို့ရဲ့ ရွာထဲကတောင် ကြားရတယ်။

အဲဒီအသံတွေဟာ
လူခေါ်တဲ့အသံတွေလို့
လူကြီးတွေ ပြောကြတယ်။
အလွန်မြင့်မားတဲ့
ကမ်းပါးစောင်းကြီးတွေဟာလဲ
တဝုန်းဝုန်းနဲ့ အော်ဟစ်နေကြလေရဲ့။
ကမ်းပါးစောင်းကြီးတွေမှာ
ကျင်းကလေးတွေ တူးပြီးနေကြတဲ့
ပျံလွှားငှက်ငယ်ကလေးတွေဟာ
သူတို့ရဲ့အိုးအိမ်တွေ
ပျက်စီးနေကြတာတွေကို
လေပေါ်ကကြည့်ပြီး
ကြောက်ရွာကြလွန်းလို့ ဆောက်တည်ရာမရ
ခုန်ပေါက်ပြေးလွှား ဖြစ်နေကြလေရဲ့။

မိုးရွာပြီးလို့ တစ်နာရီလောက်ကြာတာနဲ့
အဲဒီအသံတွေ မြင်ကွင်းတွေနဲ့
ချောင်းရေသံတွေဟာ
ပျောက်ကွယ်သွားကြပြန်ပါလေရော။
တစ်ခါ ဆောင်းရာသီကို ရောက်လာပြန်ပေါ့
ချောင်းကြီးရဲ့ ဝမ်းဗိုက်ထဲမှာ
ချောင်းရေတွေအစား နှင်းမှုန်တွေနဲ့ ပြည့်လျှံလို့နေပြန်ပြီ။

ရွာနီးချုပ်စပ်က ကျေးရွာတွေက
လူတွေ ရွာသားတွေ ရွာသူတွေ
တချို့က ထန်းခေါက်တောင်းတွေရွက်လို့
တချို့က ခြေလျင်

http://www.yinmarbin.org

တချို့က နွားလှည်းတွေနဲ့။

သူတို့ရဲ့ကိုယ်မှာ
ဖျင်လုံချည်အကြမ်း အပိုလေးတွေကို
အနွေးထည်ပြုလို့
သူတို့တစ်တွေဟာ
ချောင်းမကြီးရဲ့ ဝမ်းဗိုက်ကိုဖြတ်ပြီး
ကျွန်တော်တို့ရွာက
ငါးရက်တစ်ပတ်ဈေးကို လာနေကြလေရဲ့။

နှင်းမှုန်တွေရဲ့ အကြားမှာမို့
တစ်ယောက်နဲ့တစ်ယောက်တောင်မှ
ကွဲကွဲပြားပြား မမြင်ကြရပါဘူး။

သူတို့ရဲ့ရွာမှာ
သူတို့ရဲ့အိမ်တွေမှာ
ကလေးတွေနဲ့ ခွေးတွေကို
အစောင့်ထားခဲ့ကြလေရဲ့။
တစ်ခါ– ဒီတစ်ခါ– နွေတစ်ခါ ကျပြန်တော့
နှင်းမှုန်တွေရဲ့အစား အလွန်ပူပြင်းတဲ့
တံလျှပ်တွေ တရိပ်ရိပ်နဲ့လေ။

ဆိတ်အုပ်တွေ
တရှန်းရှန်းနဲ့ လာနေကြတယ်
ဆိတ်ကျောင်းသားတွေ တာယာဖိနပ်တွေ
သူတို့ရဲ့ကျောတွေ ဗလာကျင်းထားလို့
မည်းနက်ပြီး ရောင်ပြန်ထနေကြတယ်
သူ့ဆိတ်တွေကို အော်ငေါက်ပြီး
ချောင်းကြီးရဲ့ ဝမ်းဗိုက်ထဲမှာ
ဆက်သွားနေကြတယ်။

ချောင်းသဲပြင်မှာ နစ်နေကြတဲ့
ထင်းလှည်းတွေကို နွားပိန်များက
ခွန်အားအကုန်သုံးလို့ ရုန်းနေကြလေရဲ့
လှည်းဘီးဝန်ရိုးများဆီကတော့
ညည်းညူကြလို့။

ဆူးချုံထွေးတွေဟာ
သဲပြင်ပေါ်မှာ

လိမ့်ပြေးနေကြတယ်။

ပျံလွှားငှက်ငယ်ကလေးတွေ
သူတို့အိမ်ကလေးတွေရဲ့ အထဲမှာ
နေခိုနေကြလေရဲ့။

ကျွန်တော်တို့တတွေ ကလေးတွေကတော့
ချောင်းဝမ်းဗိုက်ကြီးထဲမှာ
ဆော့ကစားနေကြတယ်။

ရွှံ့ချပ်ခြောက် ကြွကြွလေးတွေရဲ့အပေါ်ကို
ကျွတ်ကျွတ်မြည်အောင် လျှောက်နင်းနေကြ
ကျောက်စရစ်ခဲ လှလှလေးတွေကောက်ကြ
ဂုံညင်းပစ်တဲ့အခါ ဒိုးလုပ်ဖို့
ကျောက်ရှပ်ဒိုးကလေးတွေ ရှာကြနဲ့။

နတ်သမီးထမင်းအိုးလို့ ခေါ်တဲ့
ကျောက်ခဲကလေးတွေကို ခွဲပြီး
အထဲက သဲမှုန်လေးတွေကိုစားကြ
နတ်သမီးကွမ်းသွေးကောင် လှလှလေးတွေကို
လိုက်ဖမ်းကြနဲ့ပေါ့။
နောက်ပြီး ချောင်းစပ်မှာပေါက်နေတဲ့
အေးမြလှတဲ့ ညောင်ပင်ကြီးအောက်ကို
သွားပြီး ဆော့ကစားကြပြန်ရော့
ညောင်ပင်ကြီးရဲ့အပေါ်ကို တက်ကြတယ်
တစ်ကိုင်းက တစ်ကိုင်းကို ခုန်ကူးကြတယ်
တွဲလွဲခိုပြီး ဆင်းကြတယ်
ညောင်ပင်ကြီးရဲ့အပေါ်ကို
တက်လိုက် ဆင်းလိုက်နဲ့ အော်ဟစ်ပြီး
စိမ်ပြေတမ်း ကစားကြတယ်
ညောင်မုတ်ဆိတ် တွဲလွဲကြီးတွေကို
ဒန်းလုပ်လို့ ခိုစီးကြပြန်ရော။

ညီကလေးရဲ့အရွယ်က
အဘရဲ့မုတ်ဆိတ်မွေးတွေကို
ဆွဲပြီး ဆော့ကစားခဲ့မိတာကို
သတိရမိသေးတော့။

အဲဒါတွေဟာ

http://www.yinmarbin.org

အရင်တုန်းက ကလေးဘဝက။
အလုပ်အကိုင်တွေ ရှာဖွေလုပ်ကိုင်ရင်း
ရွာကို ခွဲခွာခဲ့တာ ကြာခဲ့ပေါ့။

အခု ရွာမှာ
ညောင်ပင်ကြီးလဲ ချောင်းရေတိုက်စား
မျောပါသွားလို့ မရှိတော့ပြီ
ကျွန်တော် အလွန်ချစ်သော
အဘလဲ ဆုံးရှာခဲ့ပေါ့။
ယခင်က မပူလောင်ခဲ့သော
ချောင်းသဲပြင် ဝမ်းပိုက်ကြီးထဲမှာ
တံလျှပ်တို့၏ အပူရှိန်တို့သည်
ကျွန်တော့်အား ပူလောင်ကြလေပြီ။

ဆောင်းရာသီ၏ အအေးဒဏ်သည်လည်း
ကျွန်တော့်၏စိတ်တို့အား ကျင်တက်စေကြပြီ။
ချောင်းရေတို့သည် စီးဆင်းလာကြပေါ့၊
ချောင်းရေတို့၏ ရေစီးအဟုန်သည်
မည်မျှ ပြင်းထန်ကြောင်း
ကျွန်တော် တွေ့ရပြီ။
လှိုင်းလုံးကြီးတွေ မည်မျှကြီးမားကြောင်း
ကျွန်တော်မြင်ရပေါ့။
ကျွန်တော်၏ ကလေးဘဝသည်လည်း
ချောင်းမကြီး ကမ်းပါးစောင်းများနှင့်အတူ
ပြိုကျသွားခဲ့ပေါ့။
ယခု ကျွန်တော်သည်လည်း
ချောင်းမကြီးချောင်းကြီး၏ အထဲတွင်
မျောပါနေရလျက်။
ကျယ်လောင်စွာ အော်ဟစ်
စီးဆင်းလာနေကြသော
ချောင်းမကြီး၏ လူခေါ်သံကိုလဲ
ကျွန်တော် ကြားနေရပေါ့။

- မောင်ဒီ — မိုးဝေမဂ္ဂဇင်း ( ဩဂုတ်၊ ၁၉၇၈)

http://www.yinmarbin.org